ဒေါ်နန်းရော် - ငြိမ်းချမ်းရေးတည်ဆောက်ရေးပါဝင်သူ

"တရုတ်နဲ့ဆက်ဆံရာမှာ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးဟာ လွန်လွန်ကျူးကျူးဆက်ဆံရေးလိုဖြစ်နေတယ်လို့ မြင်တယ်။ မြန်မာရဲ့ နိုင်ငံခြားရေးပေါ်လစီကို အဲလောက် မထားသင့်ဘူး။ ဒါဟာ သိက္ခာအရ သိပ်အဆင်မပြေတဲ့ ပေါ်လစီလို့ ပြောချင်တယ်"

ဦးကျော်စွာမိုး - ဧရာဝတီမဂ္ဂဇင်း အင်္ဂလိပ်ပိုင်း(အယ်ဒီတာ)

"မြန်မာရဲ့ အကူးအပြောင်းကာလမှာ မြစ်ဆုံစီမံကိန်းရပ်လိုက်တော့ တရုတ်ဘက်က ကြက်သေသေသွားပြီး သူတို့ မြန်မာနဲ့ဆက်ဆံဖို့ မူဂါဒပိုင်း အသစ်ချမှတ်လုပ်လာတာတွေ ရှိတယ်.အစိုးရနဲ့ပဲ မဆက်ဆံတော့ဘဲ အတိုက်အခံပါတီ.အဖွဲ့အစည်းတွေနဲ့လည်း တွေ့တယ်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေမှာ ဝင်ထိုင်ပေးလာတာရှိတယ်။ တရုတ်ရဲ့ မူဂါဒပိုင်း နည်းနည်းပြောင်းလာတယ်"

ဦးဇေယျာသူ - သည်ပွိုက် အပတ်စဉ်/နေ့စဉ် သတင်းစာ၏ ဒု-အယ်ဒီတာချုပ်

"တရုတ်-မြန်မာဆက်ဆံရေးမှာ မြန်မာဘက်က နာတာထက်တောင် ပိုသေးတယ်။ အခု မြစ်ဆုံစီမံကိန်းရပ်ထားတာပဲရှိသေးတယယ် နောက် ပိုက်လိုင်းစီမံကိန်းတွေအပြင် မီးရထာလမ်းစီမံကိန်းတွေလာဦးမယ်။ တချို့ စီမံကိန်းတွေမှာ နှစ်နိုင်ငံသဘောတူထားမှုတွေကို လေးစားလိုက်နာရမယ် သို့သော် မတရားတဲ့၊ ခံရမယ့် အချက်တွေကို အစိုးရက ပြတ်ပြတ်သားသားပြောရမယ်။"

ဦးသန်းစိုးနိုင် - စာရေးဆရာ

"ကျနော်တို့ အားသာတာက ပထဝီဝင်နိုင်ငံရေးအရ အားသာချက်ရှိတယ်။ မြန်မာဆီကို တခြားနိုင်ငံတွေ လာရောက်ချဉ်းကပ်ရတာတွေရှိတယ်။ အဲဒီ အားသာချက်ကို အသုံးချပြီး အကျိုးရအောင် လုပ်သင့်တယ်။"

ဦးကျော်စွာမိုး - ဧရာဝတီမဂ္ဂဇင်း အင်္ဂလိပ်ပိုင်း(အယ်ဒီတာ)